(Unicode)

# မြန်မာနိုင်ငံ - COVID-19 ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း သတင်းအချက်အလက်များရရှိစေအောင် ဆောင်ရွက်နိုင်ဖို့ရန် တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည့် အရပ်ဒေသများ၌ အွန်လိုင်းကန့်သတ်မှုများအား အစိုးရမှ ရုပ်သိမ်းပေးရမည်

နိုင်ငံအတွင်းရှိ မည်သူမဆို အထူးသဖြင့် တိုက်ပွဲများဖြစ်ပွားလျက်ရှိသော ဒေသရှိ ရပ်ရွာပြည်သူလူထုများ COVID-19 ရောဂါနှင့်စပ်လျဉ်းပြီး သတင်းအချက်အလက်များ ရရှိအောင်ဆောင်ရွက်ရန် အစိုးရအား ICJ အဖွဲ့ မှ ယနေ့တိုက်တွန်းလိုက်သည်။ ဤတိုက်တွန်းချက်တွင် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့၌ အင်တာနက် ဖြတ်တောက်မှုများကို ချက်ချင်း ရပ်တန့်ဖို့ရန်လည်းပါဝင်ပါသည်။

လွတ်လပ်စွာပြောဆိုခွင့် နှင့် သတင်းအချက်အလက်လွတ်လပ်ခွင့်များကို အကာအကွယ် ပေးသည့် နိုင်ငံတကာဥပဒေနှင့်စံနှုန်းများနှင့်အညီ ထိုကဲ့သို့ သတင်းအချက်အလက်များကို သိရှိဖြန့်ဝေနိုင်သည့် ပြည်သူများ၏အခွင့်အရေးများကို မတရားပိတ်ပင်တားမြစ်မှုများ မရှိသင့်ကြောင်း ICJ မှ ပြောကြားသည်။

"ဒေသအသီးသီးရှိပြည်သူလူထုအား အကာအကွယ်ပေးဖို့ရန် အထူးသဖြင့် COVID-19 ကပ်ရောဂါဖြစ်ပွားနေသောကာလတွင် ယင်းတို့၏ ကျန်းမာရေးဆိုင်ရာအခွင့်အရေးများကို ကာကွယ်ပေးနိုင်ဖို့ရန် အတွက် သတင်းအချက်အလက်များကို လက်လှမ်းမီမှုရှိဖို့ရန် အလွန်အရေးကြီးသည်" ဟု ICJ ၏ အာရှနှင့်ပစိဖိတ်ဒါရိုက်တာ ဖရက်ဒရစ်ရောစကီးမှ ပြောကြားသည်။ "အထူးသဖြင့် မြန်မာနိုင်ငံအတွင်းရှိ တိုက်ပွဲများဖြစ်ပွားလျက်ရှိသည့် အရပ်ဒေသများတွင် ယင်းကိစ္စက ပိုပြီးထင်ရှားပါသည်။ ရခိုင် နှင့် ချင်းပြည်နယ်တို့တွင် တိုင်းရင်းသားလူမျိုးစုများ၏ လူသိများသောမီဒီယာများကို ကန့်သတ်မှုအပါအဝင် အင်တာနက် အလုံးစုံ ဖြတ်တောက်မှုသည် နိုင်ငံတကာဥပဒေအရ အကြောင်းပြချက် တစုံတရာ မပေးနိုင် သလို ရောဂါပိုးကူးစက်ပြန့်နှံ့မှုကို တားဆီးဖို့ရန်အတွက်လည်း အနှောင့်အယှက် ဖြစ်နိုင် သည်" ဟု ဆက်လက်ပြောကြားသည်။

၂၀၂၀ ခုနှစ် မတ်လ ၂၆ ရက်နေ့ မီဒီယာအင်တာဗျူးတစ်ခုတွင် COVID-19 ကပ်ရောဂါဖြစ်ပွားနေစေကာမူ အမုန်းစကားများ၊ သတင်းအမှားများနှင့် ရက္ခိုင်တပ်မတော် (AA) နှင့်ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများကို ဖြေရှင်းနိုင်ခြင်း မရှိသေးသ၍ ရခိုင်နှင့် ချင်းပြည်နယ်တို့တွင် အင်တာနက်ဖြတ်တောက်မှုများကို ရုပ်သိမ်းဦးမည် မဟုတ်ကြောင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးမှ ပြောကြားခဲ့ပါသည်။ ဝန်ကြီး၏ပြောကြားချက်သည် COVID-19 ကပ်ရောဂါကြောင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏ ကမ္ဘာတဝှမ်း အပစ်အခတ် ရပ်စဲဖို့ရန် ပန်ကြားမှု၊ မြန်မာနိုင်ငံရှိ သံတမန်အသိုင်းအဝန်း နှင့် ရက္ခိုင်တပ်မတော် (AA) အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အချို့၏ တိုက်ပွဲများ ရပ်စဲရန် ထုတ်ပြန်ချက်များနှင့် သွေဖယ်လျက်ရှိပါသည်။ ၂၀၂၀ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ ကုလအထူးကိုယ်စားလှယ်မှလည်း အလားတူတိုက်တွန်းခဲ့ပါသည်။

သို့ရာတွင် ၂၀၂၀ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် သတင်းအမှားများအား တားဆီးဖို့ရန် ဆိုသည့် မေးခွန်းထုတ်ဖွယ်ရာရှိသော အကြောင်းပြချက်ဖြင့် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၇၇ နှင့်အညီ အင်တာနက်စာမျက်နာရာပေါင်းများစွာကို ပိတ်ပစ်ဖို့ရန် ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာနမှ အဓိကဆက်သွယ်ရေးလိုင်းများအား ညွှန်ကြားခဲ့ပါသည်။ ပိတ်ပင်ရန် ညွှန်ကြားခဲ့သော အင်တာနက်စာမျက်နာများစာရင်းအပြည့်အစုံ နှင့် ယင်းညွှန်ကြားချက် အတွက် အချက်အလက်နှင့် ဥပဒေဆိုင်ရာ အကြောင်းပြချက်များကို ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာနမှ အသေးစိတ် ထုတ်ပြန်ခဲ့ခြင်းမရှိပေ။ ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာနသည် ပုဒ်မ ၇၇ အရ “အရေးပေါ်အခြေအနေတွင်” ဆက်သွယ်ရေး ဝန်ဆောင်မှုများအား ဆိုင်းငံ့ နိုင်ခွင့်ရှိသည်။ အထက်ပါညွှန်ကြားချက်သည် COVID-19 သို့မဟုတ် ကပ်ရောဂါနှင့် ပတ်သတ်သည့် သတင်းအမှားများကိုတားဆီးဖို့ရန် ရည်ရွယ်ခြင်း ဟုတ်မဟုတ်ကို ရှင်းလင်းစွာ မသိရပေ။

၂၀၂၀ ခုနှစ် ဧပြီလ ၁ ရက်နေ့အထိ အဓိကဆက်သွယ်ရေးကုမ္ပဏီများမှ ပိတ်ပင်ထားသော အင်တာနက်စာမျက်နှာများထဲတွင် ရခိုင်နှင့် ကရင်တိုင်းရင်းသားများ၏ မီဒီယာများလည်း ပါဝင်ပါသည်။ The Voice of Myanmar ၏အင်တာနက်စာမျက်နှာသည်လည်း ပိတ်ပင်ခံထားရပါသည်။ ၂၀၂၀ ခုနှစ် ဧပြီလ ၉ ရက်နေ့ အထိ ယင်းမီဒီယာ၏ အယ်ဒီတာချုပ်မှာ ရက္ခိုင်တပ်မတော် (AA) နှင့်အင်တာဗျူးအား ဖော်ပြခဲ့မှုကြောင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေဖြင့် စွဲချက်တင်ခံထားရပါသည်။

တိုက်ပွဲများဖြစ်ပွားလျက်ရှိသော ရခိုင်ပြည်နယ်အတွင်း မြန်မာအစိုးရမှ ဆက်သွယ်ရေး ဥပဒေအား အသုံးပြုပြီး အင်တာနက်ဖြတ်တောက်မှုကို ICJ မှ စိုးရိမ်မှုရှိကြောင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ ဤကဲ့သို့ဆောင်ရွက်မှုသည် လူ့အခွင့်အရေးဥပဒေ၊ စံနှုန်းများနှင့် ကိုက်ညီမှုမရှိပေ။ ထိုဆက်သွယ်ရေးဥပဒေသည်ပင်လျှင် အခြေခံအားဖြင့် ချွတ်ယွင်းမှုရှိပြီး ပြင်ဆင်ဖို့ရန် လိုအပ်ပါသည်။ ယင်းဥပဒေတွင် အခြားအားနည်းချက်များ အပါအဝင် “အရေးပေါ်အခြေအနေ” ဆိုသည့် စကားရပ်အား အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိပေ။

“COVID-19 ကပ်ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း ထိုကဲ့သို့ ကျယ်ပြန့်သော ပိတ်ပင်တားမြစ်မှုများ ထားရှိဆောင်ရွက်မှုသည် အစိုးရမှ နိုင်ငံတကာဥပဒေကို ချိုးဖောက်နေသလိုဖြစ်စေပါသည်။ ထို့အပြင်ရောဂါပိုးပြန့်နှံ့မှုအား တားဆီးဖို့ရန် နှင့် နိုင်ငံအတွင်းရှိ အထိခိုက်အလွယ်ဆုံးသော ပြည်သူများအပေါ် ကပ်ရောဂါဘေးသက်ရောက်မှု နည်းနိုင်သမျှနည်း အောင်ဆောင်ရွက်ဖို့ရန် အတွက်လည်း အနှောင့်အယှက်ဖြစ်စေပါသည်” ဟူ၍ ရောစကီးမှ ပြောကြားခဲ့သည်။

ဆက်သွယ်ရန်

ဖရက်ဒရစ်ရောစကီး - ICJ အာရှပစိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူး

အီးမေးလ် - Frederick.rawski@icj.org

ဆက်စပ်သည့်အကြောင်းအရာများ

Event: ICJ hosts workshop on fair trial rights for Myanmar’s ethnic media

Report: Curtailing the Right to Freedom of Expression and Information in Myanmar

Statement: States must respect and protect rights in fighting COVID-19 misinformation